# NSW ဒုက္ခသည် အဖြစ် ခိုဝင်လာသူများ ဆိုင်ရာ ကျန်းမာရေးစီမံချက် (၂၀၂၂-၂၀၃၂)

## စီမံချက်အကျဉ်းချုပ်



**မျှော်မှန်းချက် -**
NSW ပြည်နယ် တွင် ဒုက္ခသည် အဖြစ်ခိုဝင်လာသူများ သည်၊ ကျန်းမာသန်စွမ်းကြပြီး ကြီးပွါး တိုးတက် သူများ ဖြစ်ကြစေ ရန် မျှော်မှန်း ပါသည်။

NSW Health Services (NSW ကျန်းမာရေးဝန်ဆောင်မှု) သည်၊ ဤ ကျန်းမာရေး  စီမံချက်ကို အသုံးပြု ၍ အရပ်ဒေသ ဆိုင် ရာ စီမံချက် များ ရေးစွဲ ရာတွင် မချွတ်မလွဲ စေ ရန် လမ်းညွှန်ပါမည်။

- ဒုက္ခသည် ဘဝ နောက်ခံ ရှိသူများ နှင့် ခိုဝင်မှု တောင်း ခံ လာသူများ သည်၊ မိမိ တို့ ၏ ကျန်းမာရေး စောင့် ရှောက်မှုတွင် NSW Health ၏ အကူအညီဖြင့် ကိုယ့်ကိုယ်ကို စောင့် ရှောက်ကြရမည်။ NSW Health သည် လူနာများ၊ လူမျိုးစု အသိုင်း အဝိုင်း များ နှင့် ပူးပေါင်း၍ ကျန်းမာရေး စောင့် ရှောက်မှု ကို အမြဲ လက်တွဲ ဆောင် ရွက် ပါ သည်။

- NSW Health သည် အခြား အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ၍ အ သစ် ပေါ်ပေါက် လာသော ကျန်းမာရေး ဆိုင်ရာ လိုအပ်ချက်များကို လိုအပ်သလို တုံ့ ပြန်ဆောင်ရွက် ဖြည့် ဆည်း ပါ သည်။

- NSW Health သည် ဒုက္ခသည် အဖြစ် ခိုဝင်မှု တောင်းခံလာသူများ ကြုံတွေ့ ရ သော ကျန်းမာရေး ဆိုင်ရာ မမျှတမှုများ၊ မညီမျှမှု များ ကို ဖြေရှင်း လျှော့ချ ရန် အမြဲ ကြိုးပမ်းဆောင်ရွက်ပါသည်။

- NSW Health သည် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက် မှု တွင်၊ ၎င်းတို့ ၏ ဘဝ  အတွေ့အကြုံ နှင့် မိသားစုအခြေအနေ၊ ယဉ်ကျေးမှုနောက်ခံနှင့် ဘာသာရေး ယုံကြည်ချက်များကို ပါ အသိအမှတ်ပြုသည့် ဘက်စုံ ချဉ်းကပ်နည်း များကို အသုံးပြု ပါသည်။

| ရည်ရွယ်ချက်များ | NSW Health သည် အောက် ပါ အချက်များ ကို ဖြေ့စွက် ပါမည် - |
|---|---|
| ယဉ်ကျေးမှုကို နားလည်လက်ခံပြီး စိတ်ဒဏ်ရာ ထိခိုက်မှု များ ကို အသိ အမှတ် ပြု သော ကျန်းမာရေး ဝန်ဆောင်မှု များ ကို ပြည်သူ များ အနေဖြင့် မိမိ လို အပ် သော အချိန် အတွင်း ရယူခွင့်ရှိ ပါသည်။ | ယဉ်ကျေးမှုကို နားလည် လက်ခံပြီး စိတ်ဒဏ်ရာ၏ ရှုတ်ထွေးသော သက်ရောက်မှု များ ကို အသိ အမှတ်ပြု ပြီး၊ အထောက်အထား အခြေခံ နှင့်  နည်းလမ်းကျသောကျန်းမာရေး ဝန်ဆောင်မှုများကို ထိရောက်စွာ သုံးစွဲ နိုင်ရန်၊ ပင်မ ကျန်းမာ ရေး ဝန်ဆောင်မှု များ ကို ပစ်မှတ်ထားပြီး ပြင်ဆင် ဆောင်ရွက်သွား ပါမည်။ |
| | ပစ်မှတ် ထား ပြီး အထူးပြု ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု များ ပေးဆောင်ရာတွင်၊ ဒုက္ခသည် အဖြစ်ခိုဝင် လာသူ များ နှင့် အတူ ပူးတွဲ ပြီး လို အပ် သော ကျန်းမာရေးစောင့်ရှောက်မှု များ ကို  ဖြည့်ဆည်း ဆောင် ရွက် ပေးပါ မည်။ |
| | ဒုက္ခသည် နောက်ခံမှ လူများအတွက် အရေးကြီးဆုံး ရလဒ်များ ထွက်ပြောက်စေရန်၊ ခံ နိုင်ရည် ရှိ ပြီး ယဉ်ကျေးမှု ကို နား လည် လက်ခံ သော ဝန်ထမ်း များ ကို ခန့်ပြီး သင်ကြား ပြသ ပါ မည်။ |
| မိမိ ကိုယ်ကို စောင့်ရှောက် ရာတွင် မိမိသာလျှင် ပဓါန ဖြစ်ပါသည်။ | ပြည်သူများ ကျန်းမာရေး စနစ်ကို နားလည်ပြီး၊ မိမိ ၏ ကျန်းမာရေး ကို ကိုယ်တိုင် တက်ကြွစွာ ပါဝင်ဆောင်ရွက် နိုင်ရန် ကူညီ လမ်း ညွှန် ဆောင် မ ပါ မည်။ ကျန်းမာရေးနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လူနာများ၊ လူမျိုး စု အသိုင်း အဝိုင်း များနှင့် ပူးပေါင်း ပြီး ချမှတ် ဆောင်ရွက်ပါ မည်။ |
| | ကျန်းမာရေး ဆိုင် ရာ တတ်မြောက် မှု နှင့် သတင်းအချက်အလက် လက်လှမ်းမှီမှုကို မြှင့်တင်ရန်၊ အချိန်မှီ ထိရောက်သော စကားပြန်နှင့် ဘာသာစကား ဝန်ဆောင်မှုများကို ပေးဆောင်ပါမည်။ |
| | ကျန်းမာရေး စနစ် ကို သုံးဆွဲ သူများ နှင့် အတူ တွဲပြီး၊ ကျန်းမာရေး စနစ် ကို ပူးတွဲ ပုံ စံ ထုတ် လုပ်ခြင်း အကောင်အထည်ဖော်ခြင်း နှင့်  အကဲဖြတ်ခြင်းများ  ပြု လုပ်ပါမည်။ |
| အသစ် ပေါ် ပေါက် လာသော ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းရန် အတွက် NSW Health သည် အမြဲ လိုက် လျော ညီထွေ စွာ ပူးပေါင်းဆောင်ရွက် ပါ မည်။ | အထူးသဖြင့် ဤစီမံချက်တွင်ဖော်ပြထား သော ဦးစားပေးကဏ္ဍများ မှ ဥပမာ -NSW ၏ ကျေးလက် ဒေသ တွင် လူများ ပြန်လည် နေရာချထားရေး တိုးမြှင့် ခြင်းမှ ပေါ်ပေါက်လာ သော ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက် များ၊ အပြောင်းအလဲများ ကို NSW Health သည် အမြဲ လိုက် လျော ညီထွေ စွာ တုံ့ပြန် ဆောက် ရွက်ပါမည်။ |
| | ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ အတွက် လိုအပ်သည့် အချိန်၊ လိုအပ်သည့် နေရာ များတွင် လိုအပ် ချက်များ ကို  ပေးအပ်သွားပါ မည်။ ဤသို့ဆောင်ရွက်ရာတွင် အထူး ရှုပ်ထွေးသော ကျန်းမာရေး အခြေအနေများ၊ အရေးကြီး သော ဝန်ဆောင်မှုများအတွက် စောင့်ဆိုင်းရ သော ချိန် လျှော့ကျရေး၊ စ သည် တို့ ကို အဓိကထား ပြီး တုံ့ပြန်ဆောင်ရွက် ပါမည်။ |
| | ဒုက္ခသည် နောက်ခံမှ လူများအတွက် ကျန်းမာရေး တိုးတက်ကောင်းမွန်လာစေရန် ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုနှင့် လူဝင်မှုကြီးကြပ်ရေး၊ တို့ အပြင် အခြေချ နေထိုင်ရေးဝန်ဆောင်မှုများ၊ စသည့် အစိုး ရ အေဂျင်စီများ၊ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများ(NGOs)၊ အခြေခံ ကျန်းမာရေး ကွန်ရက် (PHNs) အခြေခံကျန်းမာရေးစောင့်ရှောက်မှု များ အပါ အဝင် လုပ်ဖေါ်ကိုင်ဖက်များ နှင့် ဆက်လက်ပူးတွဲ ဆောင်ရွက်သွားပါ မည်။ |
| ဦးစားပေး ရ မည့် ကိစ္စများ | ပြည်သူများလိုအပ် နှစ်သက် သော ဘာသာစကားဖြင့် ထိထိရောက်ရောက် ဆက်သွယ်နိုင်ခြင်း၊ |
| | ပင်မကျန်းမာရေးဝန်ဆောင်မှုများ သည် ယဉ်ကျေးမှုများကို နားလည်လက်ခံတုံ့ပြန် နိုင် ခြင်း၊ |
| | ကျေးလက်ဒေသနှင့်ဒေသအလိုက် ပြန်လည် အခြေချ နေ ထိုင် သူများအတွက်၊ စိတ်ကျန်းမာရေးနှင့် သွားနှင့် ခံတွင်း ကျန်းမာရေး အပါအဝင် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို အချိန် မှီ ရ ရှိ နိုင်ခြင်း၊ |
| | ထိရောက်သော ဝန်ဆောင်မှုလမ်းညွှန် မှု များ နှင့် ကျန်းမာရေး စောင့်ရှောက်မှု ကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ |
| | ကျန်းမာရေး မြှင့်တင်းခြင်း နှင့် ကျန်းမာရေး  အသိ ပညာပေးခြင်း အားဖြင့် ပြည်သူများအား ကျန်းမာရေး စနစ်တွင် အောင်မြင်စွာ လျှောက်လှမ်း နိုင်စေ ရန် နှင့် အကောင်း ဆုံး ကျန်းမာရေး ရလဒ်များ ရရှိ စေ ရန် ပံ့ပိုးပေး နိုင်ခြင်း။ |
| ဦးစားပေး ရ မည့် ပြည်သူများ | ကျေးလက်ဒေသနှင့် ဒေသ များ တွင် နေထိုင်ကြသူများ။ |
| | မသန်စွမ်းသူများ |
| | အသစ် ဝင် ရောက်လာသူများ |
| | ရပ်ရွာ အတွင်း  နေ ထိုင် ကြ သော ခိုလှုံခွင့်တောင်းခံထားသူများ |
| | အထူးသဖြင့် သက်ကြီးရွယ်အိုများ |
| | အမျိုးသမီးနှင့် ကြင်ဖော်မဲ့ အမျိုးသမီး-မိဘ မိသားစုများ |
| | အထူးသဖြင့် ပထမရက် ၂၀၀၀ အတွင်းရှိ ကလေးများနှင့် လူငယ်များ |
| | အမျိုးသားများ (ယောကျ်ားများ) |
| | ကွဲပြားသောလိင်စိတ်ရှိသူများ၊ ကျား/မ ခွဲခြားမှုများနှင့် လိင်ကွဲပြားမှုများရှိသူများ (LGBTIQ+) |

© NSW Ministry of Health. December 2022.